ဝဝ်းဒုခင်း ပၢ့တီ,မ့ၢ်,သုင်ဂိုင်းတံ
ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်
SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS
E-mail: sspp.hq@gmail.com

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် ဗဟိုကော်မတီအရေးပေါ်အစည်းအဝေး ထုတ်ပြန်ကြေညာချက်

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် ဗဟိုကော်မတီအရေးပေါ်အစည်းအဝေးကို ၂၀၁၅ခုနှစ် အောက်တိုဘာလ(၁၀)နေ့မှ (၁၂)ရက်နေ့အထိ မိမိဗဟိုဌာနချုပ်တွင်ကျင်းပပြီး၊ ဗဟိုကော်မတီဝင်ထက်ဝက်ကျော်တက်ရောက်နိုင်သည့်အတွက် အစည်းအဝေးအထမြောက်အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

အစည်းအဝေးတွင် လက်ရှိဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး၊ စစ်ရေးအခြေအနေများ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)အပါအဝင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်အလွန် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်များ၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များကို ကြေကြေလည်လည်ဆွေးနွေးသုံးသပ်ကြပါသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကို သုံးသပ်ရာတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုသည့်အတိုင်း တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အပစ်အခတ်ရပ်စဲရေးကို ပီပီပြင်ပြင်အကောင်အထည်ဖော်နိုင်ရန် အားလုံးပါဝင်ရေးမူကိုဆက်လက်ကြိုးပမ်းသွားမည်ဖြစ်သည်။ အဖွဲ့အစည်းအားလုံးမပါဝင်ဘဲ အဖွဲ့အချို့ကိုချန်လျှပ်ထားပါက စစ်မီးစကိုချန်လျှပ်ထားသလိုဖြစ်ပြီး အမှိုက်ကစ ပြဿဒါမီးလောင်ဆိုသလို ၄င်းစစ်မီးပွားစလေးမှ တစ်နိုင်ငံလုံးသို့ပြန့်နှံ့သွားမည်ကို အထူးစိုးရိမ်မိပါသည်။ အဖွဲ့အစည်းအားလုံးပါဝင်လက်မှတ်ထိုးပြီး တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အပစ်အခတ်ရပ်စဲရေးကိုပီပီပြင်ပြင်ဖော်ဆောင်နိုင်မှသာ အေးချမ်းတည်ငြိမ်သည့် ပတ်ဝန်းကျင်ကိုတည်ဆောက်နိုင်ပြီး၊ နိုင်ငံရေးဆွေးနွေးပွဲကြီးသည်လည်းတည်ငြိမ်အေးချမ်းစွာဖြင့် ကျင်းပနိုင်မည်ဖြစ်ပါသည်။

မိမိတို့ SSPP/SSAအနေနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်NCAကို ပါဝင်လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သည်မှာ NCAကိုကြောခိုင်းခြင်းမဟုတ်ဘဲ အဖွဲ့အစည်းအားလုံးပါဝင်လက်မှတ်ထိုးနိုင်လျှင် မိမိတို့အနေနှင့် NCAလက်မှတ်ရေးထိုးခြင်းအပါအဝင်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ရေးဆွဲခြင်း၊ နိုင်ငံရေးဆွေးနွေးရေးလုပ်ငန်းစဉ်များကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လက်ရှိစစ်ရေးအခြေအနေအရ ၂၀၁၅ အောက်တိုဘာလ(၆)ရက်နေ့မှစ၍ ယနေ့အထိ မိမိSSPP/SSAတပ်စခန်းများအား တပ်မတော်မှလာရောက် ထိုးစစ်ဆင်ခြင်းသည် မိမိတို့SSPP/SSAမှ NCAကိုပါဝင်လက်မှတ်ရေးထိုးခြင်းအဆင်သင့်မဖြစ်သေးသည့်အပေါ် စစ်ရေးအရဖိအားပေးခြင်းသာဖြစ်သည်ဟု သုံးသပ်ရပါသည်။ ထိုသို့သောလုပ်ရပ်များသည် ငြိမ်းချမ်းရေးကိုလိုလားသည့်လုပ်ရပ်များမဟုတ်ပဲ စစ်ရေးပဋ္ဌိပက္ခကိုဖန်တီးပြီး ငြိမ်းချမ်းရေး ပျက်ပြားအောင် လုပ်ဆောင်သည့်လုပ်ရပ်ဖြစ်သည်ဟုမြင်မိပါသည်။ ထိုစစ်ရေးနည်း ဖြင့်ဖိအားပေးခြင်းလုပ်ရပ်များကို မိမိတို့SSPP/SSAမှ (လုံး၀)လုံး၀ကန့်ကွက်ပါသည်။ ယခုအချိန်တွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)ကိုလက်မှတ်ရေးထိုးရန်အချိန်နီး ကပ်နေပြီး၊ ၂၀၁၅အထွေထွေရွေးကောက်ပွဲကြီးသည်လည်း အလွန်နီးကပ်နေသည့် အချိန်အခါဖြစ်သည့်အတွက် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းသည့်အခြေအနေကိုဖန်တီးရန် အထူးအရေးကြီးလိုအပ်ပါသည်။ တပ်မတော်မှ ထိုးစစ်ဆင်မှုရှိနေခြင်းကြောင့် NCAနှင့်ပတ်သက်ပြီး မိမိပြည်သူလူထုနှင့် တပ်မှူးတပ်သားများအား ချပြရှင်းလင်းရန် အခြေအနေမပေးနိုင်တော့ပါ။ ထို့ကြောင့် မိမိSSPP/SSAအပေါ် ထိုးစစ်ဆင်မှုများအပါအဝင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ထိုးစစ်ဆင်မှုများကိုလည်း ချက်ချင်းရပ်တံ့ပေးရန် လေးလေးနက် နက်တောင်းဆိုပါသည်။

မိမိSSPP/SSAသည် နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းသည့်နိုင်ငံရေးတွေ့ဆုံ ဆွေးနွေး ခြင်းဖြင့် ဖြေရှင်းရန်အစဉ်တစိုက်ကြိုးစားခဲ့သလို ဆက်လက်ပြီး နိုင်ငံရေးတွေ့ ဆုံဆွေးနွေးရေးလမ်းကြောင်းမှတဆင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက် နိုင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။ ။

ဗဟိုကော်မတီ

ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်

၂၀၁၅ခုနှစ် အောက်တိုဘာလ(၁၂)ရက်

ဆက်သွယ်ရန် -

- ဗိုလ်မှူးကြီးစိုင်းလ (ဖုန်း- ၀၉၄၉၃၃၇၄၆၉၊ ၀၉၄၇၃၀၃၄၄၆)